# မာတိကာ


| | |
|---|---|
| အမှာစာ | ၄ |
| နိဒါန်း – ၅၂ ဘီလျံမှ သုညသို့ | ၇ |
| ၁။ ဘာ့ကြောင့်သုည | ၂၉ |
| ၂။ ခက်ခဲမည် | ၅၄ |
| ၃။ ရာသီဥတုအကြောင်းပြောတိုင်းမေးရမည့်မေးခွန်းငါးခု | ၇၄ |
| ၄။ လျှပ်စစ်ကိုမည်သို့ထုတ်လုပ်အသုံးပြုမည်နည်း | ၉၂ |
| ၅။ ပစ္စည်းများကိုမည်သို့ထုတ်လုပ်သုံးစွဲမည်နည်း | ၁၃၃ |
| ၆။ မည်သို့စိုက်ပျိုးမွေးမြူကြမည်နည်း | ၁၅၁ |
| ၇။ မည်သို့သွားလာပို့ဆောင်ကြမည်နည်း | ၁၇၃ |
| ၈။ မည်သို့အေးစေနွေးစေမည်နည်း | ၁၉၅ |
| ၉။ ပူနွေးကမ္ဘာနှင့်လိုက်လျောညီထွေနေထိုင်ခြင်း | ၂၀၈ |
| ၁၀။ အစိုးရမူဝါဒများ၏အရေးပါပုံ | ၂၃၁ |
| ၁၁။ သုညဖြစ်ရန် | ၂၄၈ |
| ၁၂။ ကိုယ်စီလုပ်ဆောင်နိုင်သည်များ | ၂၅၉ |
| နောက်ဆက်တွဲ – ရာသီဥတုပြောင်းလဲခြင်းနှင့်ကိုဗစ်–၁၉ | ၂၆၆ |
| ဝေါဟာရရှင်းလင်းချက်များ | ၂၇၁ |
| မြန်မာ–အင်္ဂလိပ်ဝေါဟာရများ | ၂၇၆ |
| အက္ခရာစဉ်အညွှန်း | ၂၈၁ |


# အမှာစာ

မည်မျှပင်စာဖတ်ဝါသနာပါသည်ဆိုစေ မိမိနှင့်မယဉ်ပါးသော၊ မိမိစိတ်မဝင်စားသောအကြောင်းအရာများကိုတော့ ဖတ်လိုကြမည် မဟုတ်ပါ။ သို့သော် စိတ်မဝင်စားသောဖြစ်စဉ်တစ်ခုက မိမိ၏ပတ်ဝန်းကျင်ကို လာရောက် တွေ့ထိ လွှမ်းမိုးလာပြီဆိုလျှင်တော့ ယင်းဖြစ်စဉ်၏အခြေခံသဘောမျှကို ဖြစ်စေ နားလည်သဘောပေါက်အောင် ကြိုးစားကြရပါမည်။ အဆိုပါ ဖြစ်စဉ်မျိုးများထဲတွင် ရာသီဥတုပြောင်းလဲခြင်းလည်း ပါဝင်ပါသည်။

ရာသီဥတုပြောင်းလဲခြင်းသည် “နေမဝင် ရေပြင်ခဲသည့် မြောက်ဝင်ရိုးစွန်းမှသည် ရေရှားသည့်သဲကန္တာရဆဟာရ”ပါ မရှောင်၊ ကမ္ဘာချောင်ကြိုချောင်ကြားသို့တိုင်သက်ရောက်ကာ အပူလှိုင်းများ၊ မိုးခေါင်ခြင်းများ၊ မုန်တိုင်းထန် ရေကြီးခြင်းများ၊ မြင့်တက်လာသော ပင်လယ်ရေပြင် စသည့် အကျိုးဆက်များကိုဖန်တီးဖြစ်ပေါ်စေလျက်ရှိပါသည်။ ယင်းဖြစ်စဉ်များ၏ ထပ်ဆင့်အကျိုးဆက်အဖြစ် ရေနှင့်စားနပ်ရိက္ခာရှားပါးခြင်း၊ ဥစ္စာ ဓန ပျက်စီးခြင်း၊ အိုးအိမ်ဆုံးရှုံးခြင်း၊ နေရင်းဒေသကို စွန့်ခွာရခြင်းတို့ကို နိုင်ငံတိုင်း တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့ခံစားနေကြရပါပြီ။ အနာဂတ်တွင် ယခုထက် ပိုဆိုးသောအခြေအနေများနှင့်ရင်ဆိုင်ရဖို့ရှိရာ မြန်မာနိုင်ငံသည် အဆိုးရွားဆုံးခံရမည့်နိုင်ငံထဲတွင် ပါဝင်နေသည်။

လူတိုင်း မပတ်သက်ချင်၍မရသည့် ရာသီဥတုပြောင်းလဲခြင်း အကြောင်းကို ကျွန်တော် စာအုပ်များ ရေးသား ထုတ်ဝေခဲ့ရာ ပထမအုပ်မှာ ‘ဥတုရာသီပြောင်းခဲ့ပြီ’ ဖြစ်ပြီး ဒုတိယအုပ်မှာ ကလေးများအတွက် ရည်ရွယ်သည့် ‘ပြောင်းလဲနေသောရာသီဥတု’ဖြစ်ပါသည်။ ယခုစာအုပ်သည် ရာသီဥတုအကြောင်း ကျွန်တော်၏ တတိယစာအုပ်နှင့် ပထမဆုံး ဘာသာပြန်လက်ရာလည်း ဖြစ်ပါသည်။



ဘီလ်ဂိတ်ရေးသားသော How to avoid a Climate Disaster စာအုပ် ထွက်နေကြောင်း သိရသည်နှင့် ဖတ်လိုကြောင်း စင်ကာပူနေ မိတ်ဆွေဦးအေးမြင့်ထံပြောလိုက်ရာ ပြောပြီး ငါးရက်မြောက်နေ့တွင် ကျွန်တော့လက်ထဲ အရောက်ပို့ပေးသောကြောင့် ဤစာအုပ်ဖြစ်ပေါ်လာရာ၌ ဦးအေးမြင့်၏ စေတနာကို ဦးစွာမှတ်တမ်းပြုလိုပါသည်။

မူရင်းရေးသူ ဘီလ်ဂိတ်သည် ကမ္ဘာ့အချမ်းသာဆုံးသူများထဲတွင် ပါသည့် ပရဟိတစိတ်ထက်သန်သူ မိုက်ကရိုဆော့ဖ်သူဌေးဆိုသည်ထက် ပိုမသိခဲ့ပါ။ သို့သော် တစ်ဦးချင်းအနေနှင့်ပြောလျှင် ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်ရန် ကြိုးပမ်းရာ၌ သူ့ထက်သာသူမရှိနိုင်တော့ကြောင်းကို ထိုစာအုပ်ကို ဖတ်ပြီးနောက် သိလာရသည်။

ဘီလ်ဂိတ်သည် ရာသီဥတုရေးရာအတွက် လှူဒါန်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့ကို အမေရိကန်ဒေါ်လာဘီလျံနှင့်ချီ၍ သုံးစွဲသည်။ ထိပ်တန်း ရာသီဥတုပညာရှင်များထံချဉ်းကပ်၍ ဘာသာရပ်အကြောင်း အတွင်းကျကျ လေ့လာကာ ယင်းဖြစ်စဉ်ကို အကောင်းဆုံးမည်သို့ ရင်ဆိုင်မည်နည်း ဆိုသည်တို့ကိုဖော်ထုတ်သည်။ ယင်းသို့အားထုတ်ရာ၌ ဘီလ်ဂိတ်သည် ကမ္ဘာ့အဆင်းရဲဆုံးလူသားများဘက်မှ ဦးစားပေး စဉ်းစားကာ သူတို့နှင့် ကိုက်ညီသော နည်းနာများကို ရရှိလာအောင် ကြိုးပမ်းသည်။ သူသည် သူကြွယ်တစ်ဦး ဖြစ်သော်လည်း နည်းပညာ ဆန်းသစ် တီထွင်မှုများအပေါ် အထူးအားထားသည်။ ရာသီဥတုရေးရာ၌ ဆန်းသစ် တီထွင်ရန် ကြိုးပမ်းသော နည်းပညာတစ်မျိုးသည် ဆုံးရှုံးနိုင်ခြေ ရှိနေစေကာမူ အောင်မြင်မှုရလိုရငြား ဒေါ်လာသန်းပေါင်းများစွာ ထည့်ဝင်ခြင်းဖြင့် အားပေးသည်။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးပီပီ ရာသီဥတုပြဿနာကို ဖြေရှင်းရာတွင် စီးပွားရေးရှုထောင့်မှလည်း သုံးသပ်သည်။ ကမ္ဘာ့ခေါင်းဆောင်များနှင့် အကျွမ်းဝင်သူဖြစ်၍ သူတို့၏အမြင်နှင့် ပူးပေါင်းမှုကို ရယူသည်။

ရာသီဥတုပြောင်းလဲခြင်းသည် ကျောက်မီးသွေး အဓိကဖြစ်သည့် ရုပ်ကြွင်းလောင်စာများကြောင့် ဖြစ်ကြောင်း၊ ယင်းလောင်စာများ၏ နေရာတွင် ဆိုလာ လေအားစသည့်ပြန်ပြည့်မြဲစွမ်းအင်များကို အစားထိုး အသုံးပြုကြရမည် ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်များ၏ ကုန်ကျစရိတ်သည်



လျင်မြန်စွာကျဆင်းလာနေကြောင်း သိပြီးဖြစ်ကြသည်။ ထို့ကြောင့် ရုပ်ကြွင်းလောင်စာများကိုပစ်ပယ်ကာ ယင်းတို့နေရာတွင် ဆိုလာ လေအား စသည်တို့ဖြင့် အစားထိုးကြရန် လိုလားကြသည်။ လှုံ့ဆော်ကြသည်။

မည်မျှ လိုလားလှုံ့ဆော်ကြစေကာမူ လက်တွေ့တွင် ရုပ်ကြွင်းလောင်စာများကို လုံးဝမသုံးဘဲ ပစ်ပယ်ဖို့မဆိုထားဘိ၊ အဓိကနေရာမှပင် ယနေ့အထိ မဖယ်ရှားနိုင်သေးကြောင်း အထင်အရှားတွေ့နိုင်ကြသည်။

မဖယ်ရှားနိုင်ရခြင်း၏ နောက်ကွယ်တွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ နည်းပညာစသည့် အကြောင်းရင်းများစွာ ရှိနေသည်။ လူသိလွန်စွာနည်းသည့် အဆိုပါ အကြောင်းရင်းများကား အဘယ်နည်း။ ယင်းတို့ကို မည်သို့ ကျော်လွှားနိုင်မည်နည်း၊ မည်မျှကြာလျှင်ကျော်လွှားနိုင်မည်နည်း စသည်တို့ကို ဘီလ်ဂိတ်က ထိုစာအုပ်၌ ဖော်ထုတ်ထားသည်။ နက်နဲသော အကြောင်းအရာကို ထဲထဲဝင်ဝင်လေ့လာရေးသားသော်လည်း အများ နားလည်အောင် အားထုတ်နိုင်သဖြင့် ထိုစာအုပ်သည် ၂၀၂၁ ခုနှစ်က နိုင်ငံတကာ၌ အရောင်းရဆုံးစာအုပ် ဖြစ်ခဲ့သည်။

ရုပ်ကြွင်းလောင်စာများနေရာတွင် ပြန်ပြည့်မြဲစွမ်းအင်များဖြင့် အစားထိုးရန် မည်သည့်အတွက် ခက်ခဲကြန့်ကြာနေရသနည်းဆိုသည်ကို ရှင်းပြသောစာအုပ်ကိုမဆိုထားဘိ၊ ဆောင်းပါးတစ်စောင်တလေကိုမျှ မြန်မာစာပေနယ်၌ မတွေ့ရသေးသဖြင့် ယင်းကွက်လပ်ကို ဖြည့်ဆည်းရန် ဤစာအုပ်ကို ပြန်ဆိုထုတ်ဝေပါသည်။

ဘီလ်ဂိတ်၏ အားထုတ်မှုကို မြန်မာ စာဖတ်ပရိသတ်များ ပိုမို လွယ်ကူစွာ သဘောပေါက်နိုင်ရန် ပညာရပ်ဆိုင်ရာဝေါဟာရ ရှင်းလင်းချက်များ၊ ပြန်ဆိုရာတွင် အသုံးပြုသော မြန်မာ–အင်္ဂလိပ် ဝေါဟာရများကို စာအုပ်နောက်ပိုင်း၌ ဖော်ပြထားပါသည်။


ကျော်ဦး
ပါရမီစာပေ